# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

February 27 , 2024 Volume 75, Number 18

၂၇.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၂၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းနေသူများ ကန်ဒေါ်လာ (၁၀,၀၀၀) နှင့် ညီမျှသော နိုင်ငံခြားငွေကို (၆) လ ကိုင်ဆောင်နိုင်

ပြည်တွင်း၌ နေထိုင်သူများအနေဖြင့် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့်ညီမျှသော နိုင်ငံခြားငွေကို (၆) လအတွင်း ကိုင်ဆောင်ထားနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်သည်။

တရားဝင်နည်းလမ်းမှရရှိထားသည့် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ အထိ (သို့မဟုတ်) ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေကို (၆) လ အတွင်း ကိုင်ဆောင်ခွင့်ရှိသည့် အချက်အား တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ဗဟိုဘဏ်ကထုတ်ပြန်သည်။

ဥပဒေနှင့်ကိုက်ညီမှုမရှိဘဲ နိုင်ငံခြားငွေများအား ကိုင်ဆောင်ဈေးကစားနေသူများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည် ဖြစ်သည့်အပြင် လက်ရှိလည်း အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ဟု ဖော်ပြထားသည်။

နိုင်ငံခြားသုံးငွေ ကိုင်ဆောင်ခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၁၀) နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် (၁၅) တို့အရ ပြည်တွင်း၌ နေထိုင်သူများအနေဖြင့် ဒေါ်လာတစ်သောင်းနှင့် ညီမျှသော နိုင်ငံခြားငွေကို ကိုင်ဆောင်ခွင့်ပြုထားခြင်းဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/News Details.aspx? News= % 2026441

## ယခုနှစ် ကုန်ထုတ်လုပ်မှုမြင့်မားလာရန် ယုံကြည်ချက်အမြင့်ဆုံးရှိနေ

စိန်ခေါ်မှုများရှိနေသော်လည်း ကုန်ပစ္စည်းထုတ်လုပ်သူများအနေနှင့် ၂၀၂၄ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုမြင့်မားလာရန် ယုံကြည်ချက်အမြင့်ဆုံးရှိနေကြောင်း S&P Global Myanmar ၏ လစဉ် PMI အစီရင်ခံစာတွင် ဖော်ပြသည်။

စိန်ခေါ်မှုရှိသော ပတ်ဝန်းကျင်တစ်ခုဖြစ်နေသည့်တိုင် လေးနှစ်နီးပါးမျှကာလတွင် လုပ်ငန်းယုံကြည်ချက် အမြင့်ဆုံးဖြစ်သည်ဟု အဆိုပါ အစီရင်ခံစာကဖော်ပြသည်။ ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ထုတ်လုပ်ရေးတိုးတက်မှုအပေါ် လုပ်ငန်းများက အကောင်းအမြင်ဆုံးဖြစ်လာပြီး မျှော်မှန်းချက်အဆင့်မှာ လေးနှစ်နီးပါးကာလအတွင်း အားအကောင်းဆုံးဖြစ်ပြီး ရေရှည်ပျမ်းမျှအနေအထားနှင့် ပိုမိုနီးစပ်လာနေသည်ဟု ဆိုသည်။

ကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည် PMI သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် (၄၄ ဒသမ ၃)အထိ မြင့်တက်လာခဲ့သည်။

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဇန်နဝါရီလ၌ စွမ်းဆောင်ရည်နိမ့်ကျရခြင်း အဓိကအချက်မှာ အမှာစာအသစ်များ ဆက်လက်လျော့ကျနေခြင်းကြောင့်ဖြစ်ပြီး လုပ်ငန်းများသည် ၎င်းတို့ထုတ်လုပ်မှုပမာဏကို များစွာလျှော့ချလာခဲ့ကြသည်ဟုဆိုသည်။ ဝယ်လိုအား ယိုယွင်းလာမှုနှင့်အညီ ကုန်ပစ္စည်းထုတ်လုပ်သူများသည် ၎င်းတို့၏ ဝန်ထမ်းအရေအတွက်ကိုလည်း လျှော့ချခဲ့ကြပြီး လျော့နည်းမှုမှာ ရှစ်လဆက်တိုက်ရှိလာပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ကုန်ပစ္စည်းပြတ်လပ်မှုများ၊ စွမ်းအင်ပြတ်တောက်မှုများနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်များ မရှိခြင်းတို့ကြောင့် အလုပ်အကြွေးများသည် ဇန်နဝါရီလတွင် ပြန်လည်မြင့်တက်လာနေသည်ဟုဆိုသည်။ ဈေးနှုန်းပိုင်းတွင် ဝယ်ယူမှုဈေးနှုန်းများနှင့် ထုတ်လုပ်မှု အဖိုးအခများ မြင့်တက်လာခဲ့ပြီး ဇန်နဝါရီလတွင် သမိုင်းကြောင်းအရ အမြင့်ဆုံးနှုန်းအဖြစ် ရောက်ရှိခဲ့သည်ဟု S&P Global Myanmar ၏ အစီရင်ခံစာက ဆိုသည်။

ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ ပိုမိုမြင့်တက်လာကြောင်း လုပ်ငန်းရှင်တို့က မှတ်ချက်ပြုခဲ့ကြပြီး ကျပ်ငွေနှင့်အမေရိကန်ဒေါ်လာလဲလှယ်မှု ကောင်းမွန်မှုမရှိခြင်းက ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးမြင့်တက်မှုကို ဖြစ်စေခဲ့သည်ဟုဆိုသည်။

လက်ရှိ စိန်ခေါ်မှုများရှိနေသည့်တိုင် ကုန်ထုတ်လုပ်မှုအပေါ် ရှုမြင်သုံးသပ်ချက်မှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်မှု အခြေပြုသော ကုန်ပစ္စည်းထုတ်လုပ်သူများအကြား ကောင်းမွန်လာခဲ့သည်ဟုဆိုသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026420

## ကျိုက်မရောဒေသထွက် ရော်ဘာပြားများ အရည်အသွေးကောင်းမွန်၍ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့လျက်ရှိ



မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးထုတ်ကုန်တစ်ခုဖြစ်သည့် ရော်ဘာပြားများကို စက်မှုကုန်ချောထုတ်ကုန်များ ထုတ်လုပ်ပြီး ဒေသစီးပွားရေး အထောက်အကူပြုနေသည့် သန့်စင်ပြီး ရော်ဘာပြားများကို အရည်အသွေးကောင်းမွန်သဖြင့် တရုတ်နိုင်ငံနှင့်မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရ သည်။

ကျိုက်မရောမြို့နယ်၌ အသေးစား၊ အငယ်စား၊ အလတ်စား(MSME) ရော်ဘာလုပ်ငန်းကို အဓိကလုပ်ကိုင်သူများအနက် ရာပြည့်ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ဦးဇော်ထူးက ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်က စတင်လုပ်ကိုင်ခဲ့ပြီး မုဒုံ၊ ပိန်းနဲကုန်း၊ ကျိုက်မရောစသည့်နေရာသုံးခုတွင် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း ဒိုင်များဖွင့်လှစ်ထားပြီး ဒေသထွက် ရော်ဘာကုန်ကြမ်းများကို ဝယ်ယူဖြန့်ဖြူးနေကြောင်း၊ ယခုနှစ်တွင် ရော်ဘာဈေးကွက်မှာ ယခင်နှစ်ကထက်ပိုမိုမြင့်တက်လာသဖြင့် ဒေသထွက် ရော်ဘာပြားများ ဝယ်လိုအားကောင်း၍ ဈေးကောင်းရကာ သန့်စင်ပြီး ရော်ဘာတစ်ပြားလျှင် ငွေကျပ် ၆၀၀၀ မှ ၇၀၀၀ အထိရကြောင်း၊ ပေါင်နှင့်ဆိုလျှင် တစ်ပေါင်ကို ငွေကျပ် ၁၈၀၀ ခန့်ရရှိကြောင်း ပြောကြားသည်။

အဆိုပါ ရော်ဘားပြားများကို ဖြန့်ချိမှုအနေဖြင့် ရန်ကုန်မြို့ရှိ ဒိုင်များသို့ တင်ပို့ရောင်းချပြီး ကုန်သည်များမှာယူသည့် ရော်ဘာပေါင်ချိန်အတိုင်း ထုပ်ပိုးရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရာပြည့်ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ငန်းရှင်ဦးဇော်ထူး၏ ပြောပြချက်အရ သိရသည်။

ကျိုက်မရောမြို့နယ်အတွင်းရှိ ရော်ဘာခြံငယ်များမှထွက်ရှိသည့် အရည်အသွေးစံချိန်မီ ရော်ဘာပြားများကိုအခြေခံပြီး လူသုံးကုန်ပစ္စည်း ကုန်ချောထုတ်လုပ်နိုင်ပါက စီးပွားရေးပိုမိုမြင့်မားကာ ရော်ဘာအခြေခံ(MSME) လုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၉၃,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၉၃,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်ရှိ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၉၃,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို ဒီနှစ် ဇန်နဝါရီလမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၉၃,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိဒေသထွက် မိုးစပါး လက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဆန်တွေအဝယ်လိုက်နေပါတယ်" ဟု ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁,၁၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးတောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

**Myantrade.gov.mm**

## သာယာဝတီခရိုင်တွင် ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ပိုမိုရရှိ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်နေပြီး ဈေးနှုန်းမှာလည်း ထွက်ပေါ်စအချိန်မှစတင်ပြီး ယခုအချိန်ထိ ဈေးနှုန်းကောင်းမွန်လျက်ရှိကြောင်း၊ မတ်ပဲအထွက်နှုန်းမှာလည်း ယခင်နှစ်ကထက် ပိုမိုထွက်ရှိ၍ အကျိုးအမြတ်များစွာရရှိနေကြောင်း သိရသည်။

ရေလိုက်မတ်ပဲများကို စိုက်ပျိုးရာကိုင်းမြေများသည် မြစ်မခမြစ်အတွင်း နုံးတင်မြေနုများပေါ်တွင် စိုက်ပျိုးခြင်းဖြစ်၍ အထွက်နှုန်းကောင်းမွန်ပြီး ယခင်နှစ်က ၁၅ တင်းနှုန်း ထွက်ခဲ့ပြီး ယခုနှစ်တွင် ၂၅ တင်းနှုန်းနှင့်အထက် ထွက်ရှိကြောင်းသိရသည်။

ရေလိုက်မတ်ပဲ စိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ကုန်ကျစရိတ်မှာ ထွန်ယက်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခြွေလှေ့ခ၊ သယ်ယူစရိတ်၊ လုပ်သားခအပါအဝင် စုစုပေါင်းတစ် ဧကလျှင် ၆,၅၀,၀၀၀ ကျပ်ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၂၅ တင်းနှုန်း ထွက်ရှိကြောင်း၊ တစ်တင်းလျှင် ငွေကျပ် ၁,၀၀,၀၀၀ ရောင်းချရပြီး တစ်ဧကဝင်ငွေမှာ ငွေကျပ် ၂၅,၀၀,၀၀၀ ရရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၈,၅၀,၀၀၀ ရရှိကြောင်း၊ ရေလိုက်မတ်ပဲသည် အစောဆုံးထွက်ရှိသော မတ်ပဲဖြစ်ပြီး နှစ်စဉ်ဈေးကောင်းရရှိကြောင်း၊ မတ်ပဲတစ်တင်းလျှင် ယခင်နှစ်တွင် ငွေကျပ် ၅၄,၀၀၀ ရရှိပြီး ယခုနှစ်တွင် ၁,၀၀,၀၀၀ ကျပ်ဖြင့် ရောင်းချရခြင်းကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း တောင်သူများထံမှ သိရသည်။

Source: DOCA(ပဲခူး)   Source: https://commerce.gov.mm

## အိန္ဒိယ MSMEs အား ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်ရန် အချိန်နှင့်တစ်ပြေးညီ လုံလောက်သောဘဏ္ဍာငွေကြေး၊ နည်းပညာနှင့် သင့်လျော်သောလေ့ကျင့်သင်ကြားမှုများ ပံ့ပိုးဆောင်ရွက်ပေးရန်မှာ အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီးပြောကြား

အိန္ဒိယ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)အား ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန် အချိန်နှင့်တစ်ပြေးညီ လုံလောက်သော ဘဏ္ဍာငွေကြေး၊ နည်းပညာနှင့်သင့်လျော်သော လေ့ကျင့်သင်ကြားမှုများကို ပံ့ပိုး ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်ပါကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Nirmala Sitharaman မှ ဖေဖော်ဝါရီလ ၁ ရက်နေ့က ကျင်းပပြုလုပ်သော (၆)ကြိမ်မြောက် ရသုံးမှန်းခြေငွေစာရင်းအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် အငယ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေရရှိမှု၊ နည်းပညာမွေးစားရယူခြင်း သို့မဟုတ် အခွန် (GST)တို့နှင့် ပတ်သက်သော မည်သည့်ထုတ်ပြန်ကြေညာချက်အသစ်ကိုမျှ ထည့်သွင်းပြောကြားသွားခြင်းမရှိဟု Financial Express သတင်းဌာနက ဖော်ပြထားသည်။

MSMEs များကို အဆင်ပြေချောမွေ့စေမည့် စည်းမျဉ်းဥပဒေပတ်ဝန်းကျင်တစ်ခုရရှိရေးသည် အစိုးရမှ ကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် မူဝါဒအစုအပေါင်း(Policy mix) ၏အရေးကြီးသော အခြေခံမူတစ်ရပ်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။

MSME များသည် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့်အတွက် လွန်စွာအရေးပါကြောင်း၊ ၎င်းတို့၏အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး၊ စိမ်းလန်းသော စီးပွားရေးအဆောက်အအုံတစ်ခုဖြစ်လာရန် အလေ့အကျင့်ကောင်းများပြုစုပျိုးထောင်ပေးရန်နှင့် ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်ရန်အတွက် ၎င်းတို့၏လိုအပ်ချက်ကို ထည့်သွင်းစဉ်းစား ပေးသည့်မူဝါဒပတ်ဝန်းကျင်ကောင်းတစ်ခုအား အရေးတကြီးလိုအပ်လျက်ရှိသည်ဟု Primus Partners တွဲဖက် တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာ Kanishk Maheshwari က ပြောကြားခဲ့သည်။

နိုင်ငံ၏ စီးပွားရေးတိုးတက်ရန်၊ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုနိုင်မည့် နှစ်(၅၀)အတိုးမဲ့ချေးငွေရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားမည့်အကြောင်း ဝန်ကြီး Sitharaman ပြောကြားခဲ့သည်။ အဆိုပါနှစ်ရှည်ချေးငွေရန်ပုံငွေသည် ပုဂ္ဂလိကကဏ္ဍအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရန်ဖြစ်ပြီး၊ အတိုးနှုန်းသက်သာသော သို့မဟုတ် အတိုးမဲ့ ကာလရှည် ချေးငွေများကို ဖန်တီးပေးရန်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အစိုးရ၏ အဆိုပါရန်ပုံငွေကြောင့် အိန္ဒိယ SMEs/ MSMEs နှင့် ထွန်းသစ်စလုပ်ငန်းများအပါအဝင် စက်မှုလက်မှုကဏ္ဍ တစ်ခုလုံးရှိ လုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုအရည်အသွေးများ တိုးတက်ကောင်းမွန်ကာ အပြန်အလှန်အားဖြင့် ပို့ကုန်များကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း JSA Advocates and Solicitors ၏ စီးပွားရေးအတိုင်ပင်ခံ Nitin Potdar က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် လာမည့်ဘဏ္ဍာနှစ်၏ ဘတ်ဂျက်(ရသုံးမှန်းခြေစာရင်း)တွင် ငွေလုံးငွေရင်းအသုံးစရိတ်ကို ရူပီး ၁၁ ဒသမ ၁ ထရီလီယံအထိ တိုးမြှင့်သုံးစွဲသွားမည့်အပေါ် နိုင်ငံ၏ဈေးကွက်များအပေါ် အကျိုးသက်ရောက်မှု သိသိသာသာဖြစ်ပေါ် လာပြီး၊ အထူးသဖြင့် ကုန်သည်များကို အကျိုးကျေးဇူးရှိစေလိမ့်မည်ဟု အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကုန်သည်အဖွဲ့ချုပ် (Confederation of All India Traders–CAIT) က ပြောကြားခဲ့သည်။

အဆိုပါငွေလုံးငွေရင်းအသုံးစရိတ်တိုးအားမြှင့်လိုက်ခြင်းကြောင့် စီးပွားရေးအခွင့်အလမ်းများကို တိုးမြှင့်လာစေမည့် စီမံကိန်းများစွာကို အရှိန်အဟုန်မြှင့်တင်ပေးမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်လိမ့်မည်ဟု CAIT ၏ အမျိုးသားရေးဆိုင်ရာ ဥက္ကဋ္ဌ B.C. Bhartia နှင့် အတွင်းရေးမှူးချုပ် Praveen Khandelwal တို့က ပြောကြားခဲ့သည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံ၏ လာမည့်ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် ငွေလုံးငွေရင်းအသုံးစရိတ်အား ရူပီး ၁၁ ဒသမ ၁ ထရီလီယံအထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပြီး၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် နှစ် (၅၀) အတိုးမဲ့ သို့မဟုတ်

အတိုးနှုန်းသက်သာသော ချေးငွေရန်ပုံငွေတစ်ရပ်ကို ထူထောင်သွားမည့်အကြောင်း သိရှိရပါသည်။ သို့သော် MSMEs များအတွက် သီးခြားရည်ရွယ်သော အစီအစဉ်များမပါရှိသည်ကို တွေ့ရသည်။

သို့သော်လည်း သွယ်ဝိုက်အားသောဖြင့် ထုတ်ကုန်ပစ္စည်းများအရည်အသွေးတိုးတက်ကောင်းမွန်လာကာ MSME ကုန်သည်လုပ်ငန်းရှင်များကို ယှဉ်ပြိုင်နိုင်စွမ်းပိုမိုရရှိစေပြီး၊ ပို့ကုန်များတိုးတက်တင်ပို့လာနိုင်စေသည်။ ယင်းမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးမှုများစွာကို ပြုလုပ်နိုင်လိမ့်မည်ဟု ကုန်သည်အသင်းအဖွဲ့နှင့် ကျွမ်းကျင်သူတို့၏ ခန့်မှန်းချက်များကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်။ Financial Express သတင်းဌာန၊ “Budget 2024: Timely finance, tech, training for MSMEs important policy priority for govt, says”၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (27.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,571 (Shares) | 12,438,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 409 | 3,435,600 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 569 | 1,626,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 2 | 15,200 | 10,400,986 | 79,048 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 19 | 28,750 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,600 | -100 | -5.88% | 1,700 | 1,700 | 1,600 | 4,570 | 7,328,300 | 19,977,223 | 31,964 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 2 | 3,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 27th Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.96 | -0.68 | -0.19% | 355.64 | 356.27 | 354.18 | 5,571 | 12,438,050 | 8 | 669,526 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 5,571 (Shares) | 12,438,050 (MMK) |

## Main Board

As of 1:00 pm, 27th Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,571 (Shares) | 12,438,050 (MMK) |

| MYANPIX | 354.96 ▼ 0.68 |
|---|---|
| Total Volume (shares) | 5,571 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,526 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 100 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |

TIR